# ၂၀၂၀ ပြည့်နှစ်
# အထွေထွေရွေးကောက်ပွဲအကြိုစစ်တမ်း
# ကနဦးအစီရင်ခံစာ

ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

အောက်တိုဘာ ၂၀၂၀

# ရွေးကောက်ပွဲအကြိုစစ်တမ်း၊
# ၂၀၂၀ ပြည့်နှစ်
# အထွေထွေ ရွေးကောက်ပွဲ

အောက်တိုဘာ ၂၀၂၀

# ရွေးကောက်ပွဲအကြိုစစ်တမ်း၊
# ၂၀၂၀ ပြည့်နှစ်  အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

**ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့**

အမှတ် ၁၄၊ စံရိပ်ငြိမ် ၅ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

www.pacemyanmar.org

# မာတိကာ

| | |
|---|---|
| ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ | ၄ |
| ကျေးဇူးတင်လွှာ | ၅ |
| က။ တွေ့ရှိချက်အကျဉ်း | ၆ |
| ၁။ နိုင်ငံရေးတွင် စိတ်ပါဝင်စားမှု | ၁၀ |
| ၂။ ရွေးကောက်ပွဲ၏လွတ်လပ်မှု တရားမျှတမှုအပေါ်သဘောထားအမြင် | ၁၁ |
| ၃။ မဲပေးလိုစိတ် | ၁၅ |
| ၄။ မဲဆန္ဒရှင်စာရင်း | ၁၇ |
| ၅။ နိုင်ငံရေးပါတီများအပေါ် သဘောထားအမြင် | ၁၉ |
| ၇။ နိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ ယေဘုယျအမြင် | ၂၅ |
| ၈။ ဦးစားပေး ဖြေရှင်းရမည့် ပြဿနာများ | ၃၁ |
| ၉။ အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှု | ၃၄ |
| ၁၀။ အစိုးရနှင့် နိုင်ငံရေးဆိုင်ရာ သတင်းအရင်းအမြစ် | ၃၇ |
| ၁၁။ စစ်တမ်းဆိုင်ရာ အချက်အလက်များ | ၄၅ |
| ခ။ စစ်တမ်းကောက်ယူပုံနည်းစနစ် | ၄၇ |

## ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections - PACE) သည် အစိုးရ မဟုတ်သော လွတ်လပ်ပြီး အမှီအခိုကင်းသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အရပ်ဘက် အဖွဲ့အစည်းတစ်ဖွဲ့ ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပြည်သူပြည်သားများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ၎င်းတို့ကိုယ်တိုင် ပါဝင်လှုပ်ရှားလာရေးတို့ကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အင်စတီကျူးရှင်းများ ပိုမိုအားကောင်းခိုင်မာလာရေးကို ရည်မှန်းကာ ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ရွေးကောက်ပွဲဖြစ်စဉ် တစ်ခုလုံးကို တစ်စိုက်မတ်မတ် လေ့လာပြီး ပြည်သူပြည်သားအားလုံး ပါဝင်နိုင်မှု၊ ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ရန်အတွက် ရွေးကောက်ပွဲနှင့် ပြည်သူ့နီတိဆိုင်ရာ အသိပညာပေးလုပ်ငန်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းနှင့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းတို့ကို အဓိကထား ဆောင်ရွက်ပါသည်။

လူ့အခွင့်အရေးကို တန်ဖိုးထားပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ ကျား-မ ခွဲခြားမှုမရှိစေဘဲ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံနှင့် နယ်နိမိတ်ပေါင်း ၉၄ ခုမှ ဘက်မလိုက်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းပေါင်း ၂၉၆ ဖွဲ့က သဘောတူ လက်မှတ်ရေးထိုးထားသည့် "ဘက်မလိုက်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လိုက်နာရမည့် ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတမ်း (Declaration of Global Principles for Nonpartisan Election Observation and Monitoring by Citizen Organizations)"[၁] ကို ၂၀၁၄ ခုနှစ်တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပါသည်။ PACE အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ ပြည်တွင်းစောင့်ကြည့်လေ့လာသူများကွန်ရက် GNDEM (the Global Network of Domestic Election Monitors)နှင့် အာရှဒေသ စောင့်ကြည့်လေ့လာရေးကွန်ရက် Asia Network for Free Elections (ANFREL) ၏အဖွဲ့ဝင်လည်းဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက -www.pacemyanmar.org

[၁] http://www.gndem.org/declaration-of-global-principles

## ကျေးဇူးတင်လွှာ

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections-PACE) အနေဖြင့် စစ်တမ်းကောက်ယူမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော စစ်တမ်းကောက်ယူသူများနှင့် အရည်အသွေး စစ်ဆေးသူ အားလုံးကို ကျေးဇူးဥပကာရ အထူးတင်လိုပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ် ညှိနှိုင်းရေးမှူး ၁၇ ဦး၏ ဆောင်ရွက်မှု၊ ကြိုးပမ်းအားထုတ်မှုတို့ မပါဝင်ပါက PACE အဖွဲ့ အနေဖြင့် ဤစစ်တမ်းကောက်ယူမှု လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ထို့နောက် PACE အဖွဲ့၏ အချက်အလက် စင်တာတွင် လာရောက်လုပ်အားပေးကြသည့် အချက်အလက်စင်တာ လုပ်အားပေးများကိုလည်း အဖွဲ့မှ အထူးကျေးဇူးတင်ပါသည်။ ၎င်းတို့၏ တိကျမှုနှင့် သေချာမှုတို့ကြောင့် PACE အဖွဲ့က ဤစစ်တမ်းကို ယုံကြည်မှုအပြည့်ဖြင့် ထုတ်ပြန်နိုင်ခဲ့ပါသည်။

ထို့အပြင် ငွေကြေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များပေးအပ်ခဲ့သော United Kingdom ၏ ဌာနတစ်ခုဖြစ်သည့် Foreign Commonwealth and Development Office/FCDO (ယခင် DFID/Ukaid-Department for International Development)၊ Norwegian People's Aid (NPA)၊ US Agency for International Development (USAID) နှင့် NDI (National Democratic Institute for International Affairs) ကိုလည်း အထူးကျေးဇူးတင်ပါသည်။ ယင်းအထောက်အပံ့များကြောင့် PACE အဖွဲ့အနေဖြင့် ဤစစ်တမ်းကို အချိန်ကာလကိုက် ကောက်ယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

## က။ တွေ့ရှိချက်အကျဉ်း

ဤအစီရင်ခံစာမှာ ယခုနှစ်လယ်ပိုင်းတွင် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections-PACE) က တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ကောက်ယူခဲ့သည့် ရွေးကောက်ပွဲအကြို လူထု သဘောထားအမြင်စစ်တမ်းတွေ့ရှိချက်များ၏ ကနဦးအစီရင်ခံစာဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ နိုင်ငံသားများ၏ သဘောထားအမြင်များကို သိရှိနိုင်ရန် အတွက် PACE အဖွဲ့က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွေ့ဆုံမေးမြန်းမှုပေါင်း ၂၅၇၇ ခုကို ဩဂုတ်လ ၃ ရက်မှ ၅ ရက်အတွင်း ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းရာတွင် အဓိကအားဖြင့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ သိရှိနားလည်မှုအတိုင်းအတာ၊ မဲပေးလိုစိတ်၊ လက်ရှိနိုင်ငံ၏ ယေဘုယျအခြေအနေနှင့် ဦးစားပေး ပြဿနာများနှင့် ပတ်သက်၍ အမြင်သဘောထား၊ နိုင်ငံရေးအင်စတီကျူးရှင်းများအပေါ် ယုံကြည်မှု အတိုင်း အတာ၊ နိုင်ငံရေးပါတီများအပေါ်အမြင်၊ ကိုယ်စားလှယ်လောင်းများအပေါ် သဘောထားအမြင်၊ အစိုးရနှင့် နိုင်ငံရေးဆိုင်ရာ သတင်းအရင်းအမြစ် စသည်တို့နှင့် ပတ်သက်၍ မေးမြန်းခဲ့ပါသည်။ သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အခြားလုံခြုံရေးဆိုင်ရာ အခက်အခဲများကြောင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် ရှိနေရာအချို့တွင် တွေ့ဆုံမေးမြန်းမှုများကို ရည်မှန်းထားသည့် အရေအတွက်အတိုင်း ပြုလုပ်နိုင်ခဲ့ခြင်း မရှိပါ။ ထို့ကြောင့် ဤအစီရင်ခံစာပါ တွေ့ရှိချက်များမှာ ယင်းဒေသများရှိ နိုင်ငံသားများ၏ သဘောထားကို ထင်ဟပ် နိုင်မည်မဟုတ်သည်ကို အထူးသတိချပ်စေချင်ပါသည်။

နိုင်ငံရေးတွင် စိတ်ပါဝင်စားမှုနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အကြား အပြောင်းအလဲ အနည်းငယ် ရှိပြီး၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းနေသည်ကိုတွေ့ရပါသည်။

နိုင်ငံသားအများစုက လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရှိခြင်း၊ ဘက်လိုက်မှုကင်းသော ကော်မရှင်၊ မဲလိမ်/မဲခိုး/မဲမသမာမှု မရှိခြင်း၊ ဆန္ဒမဲများကို မှန်ကန်စွာရေတွက်ခြင်း၊ မဲရလဒ်များကို မှန်ကန်စွာထုတ်ပြန်ကြေညာခြင်း၊ နိုင်ငံရေး

ပါတီများ လွတ်လပ်စွာမဲဆွယ်စည်းရုံးခွင့်ရရှိခြင်း၊ မဲဆန္ဒရှင်များကို ခြိမ်းခြောက်မှု/ဖိအားပေးမှုများ မရှိခြင်း စသည့်အချက်များမှာ ရွေးကောက်ပွဲတစ်ခု၏ လွတ်လပ်၍တရားမျှတမှု အတိုင်းအတာကို တိုင်းတာရန်အတွက် အရေးကြီးသည့် အချက်များဖြစ်သည်ဟု သဘောတူသည်ကိုတွေ့ရပါသည်။ ၂၀၁၅ ခုနှစ်စစ်တမ်းမှ တွေ့ရှိချက်များနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် အထက်ပါ အရည်အသွေးများနှင့်ပတ်သက်၍ သိမြင်လက်ခံမှု ပိုများလာသည်ကို တွေ့ရပါသည်။ ရွေးကောက်ပွဲတစ်ခုကို အောင်မြင်စွာကျင်းပနိုင်ခြင်းရှိမရှိ သတ်မှတ်ဆုံးဖြတ်ရာတွင် မြန်မာအစိုးရ၏ သဘောထားအမြင်က အရေးအကြီးဆုံးဖြစ်သည်ဟု နိုင်ငံသားများ၏ ထက်ဝက်ခန့်က ဖြေကြားခဲ့ကြပြီး ဒုတိယနှင့် တတိယအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လွတ်လပ်၍ အမှီအခိုကင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ သဘောထားအမြင်များက အရေးကြီးပါသည်ဟု ဖြေကြားကြပါသည်။ မဲပေးလိုစိတ်နှင့်ပတ်သက်၍ လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံသားများ၏ ထက်ဝက်ခန့်ကသာ "ကျိန်းသေ မဲပေးမည်" ဟု ဖြေဆိုကြပြီး ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သည့် စစ်တမ်းတွေ့ရှိချက်နှင့် ကွာခြားမှု မရှိသည်ကို တွေ့ရပါသည်။

နိုင်ငံသားများ၏ သုံးပုံတစ်ပုံက လာမည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ စိုးရိမ်စရာ သို့မဟုတ် စိန်ခေါ်မှုများမရှိဟု ဖြေဆိုကြသော်လည်း သုံးပုံတစ်ပုံက ကိုဗစ်-၁၉ သို့မဟုတ် ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ပါသည်ဟု ဖြေကြားကြပါသည်။

မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသည့်အဖွဲ့အစည်းများမှာ ဒေသအာဏာပိုင်များနှင့် ကော်မရှင်အဖွဲ့ခွဲများ ဖြစ်ကြသော်လည်း နိုင်ငံသားများ၏ သုံးပုံတစ်ပုံက ၎င်းတို့ပတ်ဝန်းကျင်တွင် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ လုံးဝမတွေ့ရှိပါဟု ဖြေကြားကြပါသည်။ မဲဆန္ဒရှင်စာရင်းနှင့် ပတ်သက်၍မှု နိုင်ငံသားထက်ဝက်ခန့်က ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာပြသစဉ်က သွားရောက် ကြည့်ရှုစစ်ဆေးပြီး ၎င်းတို့၏အမည်နှင့် မိသားစုဝင်များ၏ အမည်များကို တွေ့ရှိပါသည်ဟုဖြေကြားကြသော်လည်း ထက်ဝက်ခန့်ကမူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်း မပြုလုပ်ခဲ့ကြပါဟု ဆိုပါသည်။

နိုင်ငံသားများ၏ သုံးပုံတစ်ပုံခန့်က ၎င်းတို့၏ သဘောထားအမြင်များနှင့် အကျိုးစီပွားကို ကိုယ်စားအပြုဆုံးပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (National League for Democracy-NLD) ဖြစ်သည်ဟုဆိုပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (Union Solidarity and Development Party-USDP)ဟု ဖြေဆိုသူမှာ ဒုတိယအများဆုံးဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံသားထက်ဝက်ခန့်ကမူ မည်သည့်ပါတီကမှ ၎င်းတို့ကို ကိုယ်စားပြုခြင်းမရှိပါ သို့မဟုတ် မသိပါ ဟုဖြေဆိုကြပါသည်။ ပါတီတစ်ခုချင်းအလိုက် သဘောထားအမြင်နှင့် ပတ်သက်၍မှု နိုင်ငံသားများ၏ သုံးပုံနှစ်ပုံ နီးပါးခန့် က NLD ပါတီကို အကောင်းမြင်သည်ဟု ဖြေဆိုပြီး USDP

ပါတီကိုမူ နိုင်ငံသားများ၏ လေးပုံတစ်ပုံကအကောင်းမြင်သည်ဟု ဖြေဆိုကြပါသည် [၂]။ အခြားနိုင်ငံရေးပါတီများနှင့်ပတ်သက်၍မူ နိုင်ငံသားများ၏ သုံးပုံနှစ်ပုံက အကောင်းမြင်သည် သို့မဟုတ် အဆိုးမြင်သည်ဟု ဖြေကြားခြင်း မရှိကြချေ။

ကိုယ်စားလှယ်လောင်းတစ်ဦးကို မဲပေးရန်အတွက် ထည့်သွင်းစဉ်းစားမည့် အဓိကအချက်အများစုမှာ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ အများပြည်သူဆိုင်ရာ ကိစ္စရေးရာများတွင်ပါဝင်သူဖြစ်ခြင်းနှင့် ပညာအရည်အချင်းတို့ဟုဖြေကြားကြပါသည်။ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်နှင့်ပတ်သက်၍မူ နိုင်ငံသားများ၏ ထက်ဝက်နီးပါးက လွှတ်တော်တွင်းအမျိုးသမီးများ ပိုမိုပါဝင်လာရေးမှာ အရေးကြီးသည်ဟု ဖြေဆိုကြသော်လည်း လေးပုံတစ်ပုံကသာ အမျိုးသားထက်စာလျှင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းကို မဲပေးပါမည်ဟု ဖြေဆိုသည်ကို တွေ့ရပါသည်။

နိုင်ငံသားများ၏ ထက်ဝက်ခန့်က လက်ရှိအခြေအနေတွင် ၎င်းတို့၏မြို့နယ် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် နိုင်ငံ၏အခြေအနေမှာ လမ်းကြောင်းအမှန်အတိုင်းသွားနေသည်ဟုဖြေဆိုကြသော်လည်း သုံးပုံတစ်ပုံက မသိပါဟု တုံ့ပြန်ကြသည်ကိုတွေ့ရပါသည်။


၂၀၁၉ ခုနှစ်တွင်ကောက်ယူခဲ့သည့် စစ်တမ်း၏ တွေ့ရှိချက်နှင့်နှိုင်းယှဉ်ပါက နိုင်ငံရေးအင်စတီကျူးရှင်းများအပေါ် ယုံကြည်မှုအတိုင်းအတာမှာ ယခုနှစ်တွင် ပိုမိုတိုးတက်လာသည်ဟုဆိုနိုင်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံနှင့် သမ္မတတို့မှာ နိုင်ငံသားများ၏ ယုံကြည်မှုအမြင့်ဆုံး အဖွဲ့အစည်း/ရာထူးများ/ပုဂ္ဂိုလ်များဖြစ်ကြပြီးနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဖြစ်ကြပါသည်။

အစိုးရနှင့် နိုင်ငံရေးဆိုင်ရာ သတင်းအရင်းအမြစ်နှင့် ပတ်သက်၍မူ ရုပ်မြင်သံကြားမှာ အဓိကအရင်းအမြစ်ဖြစ်ပြီး ဒုတိယအနေဖြင့် Facebookနှင့် ရေဒီယိုတို့ ဖြစ်ကြပါသည်။ Facebook မှာ နိုင်ငံသားများအများဆုံး အသုံးပြုသည့် လူမှုမီဒီယာဖြစ်ပြီး Viber က ဒုတိယအများဆုံးဖြစ်သော်လည်း နိုင်ငံသားများ၏ သုံးပုံတစ်ပုံက

[၂] စစ်တမ်းကောက်ယူခြင်းမပြုမီ PACE အဖွဲ့က နိုင်ငံရေးပါတီများကို တယ်လီဖုန်းဖြင့် ၂၀၂၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲအတွက် လျာထားသည့် ကိုယ်စားလှယ်လောင်းအရေအတွက်ကို မေးမြန်းခဲ့ပါသည်။ စစ်တမ်းမေးခွန်းပုံစံ အကန့်အသတ်ရှိသဖြင့် ကိုယ်စားလှယ်လောင်းဦးရေကို ဖြေကြားပေးသည့် နိုင်ငံရေးပါတီများအနက်မှ ကိုယ်စားလှယ်လောင်း ၅၀နှင့် အထက် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများကိုသာ စစ်တမ်းတွင် ထည့်သွင်းကောက်ယူနိုင်ခဲ့ပါသည်။


မည်သည့်လူမှုမီဒီယာကိုမျှ အသုံးမပြုပါဟုဖြေဆိုကြပါသည်။ နိုင်ငံသားများ၏ ထက်ဝက်ကျော်က အချက်အလက် မမှန်ကန်သည့် သတင်းများကို စိုးရိမ်ပူပန်သည်ဟုဆိုပြီး သုံးပုံတစ်ပုံကလည်း နိုင်ငံရေးပါတီနှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှားများကို လက်ခံရရှိလေ့ရှိသည်ဟု ဆိုပါသည်။ ငါးပုံနှစ်ပုံကမူ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများနှင့် ပတ်သက်သည့် သတင်းအမှားများကို အနည်းဆုံး တစ်လတစ်ကြိမ်ခန့် ရရှိပါသည်ဟု ဖြေဆိုကြပါသည်။

## ၁။ နိုင်ငံရေးတွင် စိတ်ပါဝင်စားမှု





ပုံ ၁.၁။ နိုင်ငံရေးတွင် စိတ်ဝင်စားမှု [သင့်အနေနဲ့ နိုင်ငံရေးကို ဘယ်လောက်အတိုင်းအတာအထိ စိတ်ဝင်စားတယ် ဆိုတာပြောပြပေးပါ]


## ၂။ ရွေးကောက်ပွဲ၏လွတ်လပ်မှု တရားမျှတမှုအပေါ်သဘောထားအမြင်





ပုံ ၂.၁။ ရွေးကောက်ပွဲအပေါ်သဘောထားအမြင် [အောက်ပါအဆိုပြုချက်များသည်ရွေးကောက်ပွဲတစ်ခု၏ အရည်အသွေးကို သတ်မှတ်ရန်မည်သည့်အတိုင်းအတာအထိ အရေးကြီးသည်ကို အဆင့်သတ်မှတ်ပေးပါ။ အဆင့် “၁” သည် လုံးဝအရေးမကြီးပါ နှင့် အဆင့် “၅” သည်အလွန်အရေးကြီးသည်]




ပုံ ၂.၂။ ရွေးကောက်ပွဲအပေါ်သဘောထားအမြင် (၂၀၁၅ နှင့် ၂၀၂၀ နှိုင်းယှဉ်ချက်)





ပုံ ၂.၃။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအပေါ် သဘောထားအမြင် [နိုင်ငံသားအချို့ရဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ သဘောထားအမြင်တွေကို ဖတ်ပြပါမယ်။ သဘောထားအမြင် တစ်ခုချင်းစီအပေါ် [သင့်] အနေနဲ့ ဘယ်လောက် အတိုင်းအတာအထိ သဘောတူတယ်ဆိုတာကို (၁) မှ (၄) အထိ အဆင့်သတ်မှတ်ပေးပါ၊ (၁) က လုံးဝ သဘောမတူဘူး၊ (၄) က အပြည့်အဝ သဘောတူပါတယ်တို့ ဖြစ်ကြပါတယ်]





ပုံ ၂.၄။ ရွေးကောက်ပွဲကောင်းတစ်ခု ဟုတ်/ မဟုတ် ဆုံးဖြတ်ရာတွင် အရေးအကြီးဆုံး သဘောထား မှတ်ချက်ပေးနိုင်သူများ [ရွေးကောက်ပွဲကောင်းတစ်ခု ဟုတ်/မဟုတ်ဆုံးဖြတ်ရာတွင် မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များရဲ့သဘောထားမှတ်ချက်ဟာ အရေးကြီးဆုံးဖြစ်သည်ဟု ထင်ပါသလဲ]

## ၃။ မဲပေးလိုစိတ်





ပုံ ၃.၁။ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးလိုမှု [ရွေးကောက်ပွဲတွေမှာ တချို့လူတွေက မဲပေးဖို့အစီအစဉ်ရှိကြတယ်၊ တချို့တွေကတော့ အကြောင်းအမျိုးမျိုးကြောင့် မဲပေးဖို့အစီအစဉ်မရှိပါဘူး။ အခုလာမယ့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲမှာ သင့်အနေနဲ့ မဲပေးမယ် မပေးဘူး ဆိုတာကို အဆင့် (၁) ကနေ (၅) အတွင်း အဆင့်သတ်မှတ်ပေးပါ။ (၁) ကတော့ လုံး၀ မဲမပေးပါဘူး။ (၅) ကတော့ ကျိန်းသေ မဲပေးမယ်လို့ ဆိုလိုပါတယ်]





ပုံ ၃.၂။ မဲပေးရန်အတားအဆီးများ/ပြဿနာများ [သင် မဲသွားပေးဖို့အတွက် ဘယ်လိုစိန်ခေါ်မှု/အတားအဆီးတွေ ရှိတယ်ဆိုတာ ပြောပြပေးပါ။]

## ၄။ မဲဆန္ဒရှင်စာရင်း





ပုံ ၄.၁။ မဲစာရင်းစစ်ဆေးရန် နှိုးဆော်မှု/မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု [မဲစာရင်းမှာ အမည်သွားရောက်စစ်ဆေးဖို့ အသိပညာပေးလုပ်ငန်းတွေ ဒါမှမဟုတ် ဆော်ဩတာကို ဘယ်သူတွေလုပ်နေကြတာကို တွေ့ပါသလဲ]





ပုံ ၄.၂။ မဲဆန္ဒရှင်စာရင်းတွင် အမည်ပါဝင်မှု [လာမယ့် ၂၀၂၀ အထွေထွေးရွေးကောက်ပွဲမှာ မဲပေးနိုင်ဖို့ [သင့်] ဒေသမှာရှိတဲ့ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွေက မဲဆန္ဒရှင်အမည်စာရင်းကို ဇူလိုင်လ ၁၈ ရက်ကနေ့ ၃၁ ရက်နေ့အထိ ကြေညာပြသထားပါတယ်။ [သင့်] အနေနဲ့ရော မဲဆန္ဒရှင်စာရင်းမှာ အမည်ပါဝင်မှု ရှိ/မရှိကို သွားရောက်စစ်ဆေးခဲ့ပါသလား]

## ၅။ နိုင်ငံရေးပါတီများအပေါ် သဘောထားအမြင်





ပုံ ၅.၁။ မိမိ၏ သဘောထားအမြင်/အကျိုးစီးပွားကို အနီးစပ်ဆုံးကိုယ်စားပြုသော နိုင်ငံရေးပါတီများ [ဘယ်နိုင်ငံရေးပါတီက [သင့်]ရဲ့ သဘောထားအမြင်/အကျိုးစီးပွားတွေကို အနီးစပ်ဆုံး ကိုယ်စားပြုနေတယ်ဆိုတာ ပြောပြပေးပါ]





ပုံ ၅.၂။ နိုင်ငံရေးပါတီများအပေါ် သဘောထားအမြင် [လက်ရှိမြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ပါတီပေါင်း (၉၀) ကျော်ရှိပါတယ်။ အဲဒီထဲကမှ အခုဖတ်ပြမယ့် ပါတီတွေအပေါ် ဘယ်လိုသဘောထားသလဲဆိုတာကို အဆင့် (၁) ကနေ (၅) အတွင်း အဆင့်သတ်မှတ်ပေးပါ။ (၁) ကတော့ လုံးဝအကောင်းမမြင်ပါဘူး။ (၅) ကတော့ အပြည့်အဝအကောင်းမြင်တယ်လို့ ဆိုလိုပါတယ်]

## ၆။ ကိုယ်စားလှယ်လောင်းအပေါ် မျှော်မှန်းချက်





၆.၁။ ကိုယ်စားလှယ်လောင်းကို ရွေးချယ်မဲပေးရာတွင် အဓိကထည့်သွင်းစဉ်းစားသည့်အချက်များ


ရွေးကောက်ပွဲမှာ မဲသွားပေးတဲ့အခါ ကိုယ်စားလှယ်လောင်းကို ရွေးချယ်ဖို့အတွက် သင့်အနေနဲ့ ဘယ်လိုအချက်တွေကိုအဓိကထားပြီး စဉ်းစားမလဲ။ အခုဖတ်ပြမယ့်အချက်တွေထဲက ဦးစားပေး ၃ ခု ရွေးချယ်ပေးပါ။]





ပုံ ၆.၂။ ကိုယ်စားလှယ်လောင်းကို ရွေးချယ်မဲပေးရာတွင် အဓိကထည့်သွင်းစဉ်းစားသည့် အချက်များ (တိုင်းဒေသ ကြီးနှင့် ပြည်နယ် နှိုင်းယှဉ်ချက်)




ပုံ ၆.၃။ ကိုယ်စားလှယ်လောင်းကို ရွေးချယ်မဲပေးရာတွင် အဓိကထည့်သွင်းစဉ်းစားသည့်အချက်များ (အမျိုးသား နှင့် အမျိုးသမီးနှိုင်းယှဉ်ချက်)





ပုံ ၆.၄။ အမျိုးသားကိုယ်စားလှယ်လောင်း (သို့) အမျိုးသမီးကိုယ်စားလှယ်လောင်းအပေါ် မဲပေးလိုမှု [သင့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်မဲပေးတဲ့အခါ အမျိုးသမီးနှင့် အမျိုးသားမှာ ဘယ်သူ့ကို ပိုပြီး မဲပေးလိုပါသလဲ]





ပုံ ၆.၅။ ရွေးကောက်ခံအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပိုမိုများပြားလာရန် အရေးကြီးမှု [ရွေးကောက်ခံ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေ ပိုမိုများပြားလာဖို့ [သင့်]အတွက် ဘယ်လောက် အရေးကြီးပါသလဲ]


## ၇။ နိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ ယေဘုယျအမြင်





ပုံ ၇.၁။ မြို့နယ်အတွင်းရှိကိစ္စရပ်များအပေါ် သဘောထားအမြင် [အခုကတော့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး မေးခွန်းအနည်းငယ်ကို ဆက်လက်မေးမြန်းလိုပါတယ်။ ဒီမြို့နယ်မှာ ရှိတဲ့ကိစ္စရပ်တွေဟာ ယေဘုယျအားဖြင့် လမ်းကြောင်းမှန်အတိုင်းသွားနေသလား (ဒါမှမဟုတ်) လမ်းကြောင်းအမှားဘက်ကို သွားနေသလား။ သင့်အနေနဲ့ ဘယ်လိုထင်ပါသလဲ။]





ပုံ ၇.၂။ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ကိစ္စရပ်များအပေါ် သဘောထားအမြင် [ဒီတိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့ကိစ္စရပ်တွေဟာ ယေဘုယျအားဖြင့် လမ်းကြောင်းမှန်အတိုင်းသွားနေသလား (ဒါမှမဟုတ်) လမ်းကြောင်းအမှားဘက်ကို သွားနေသလား။ [သင့်] အနေနဲ့ဘယ်လိုထင်ပါသလဲ။]





ပုံ ၇.၃။ နိုင်ငံအတွင်းရှိကိစ္စရပ်များအပေါ် သဘောထားအမြင် [ဒီနိုင်ငံမှာရှိတဲ့ ကိစ္စရပ်တွေဟာ ယေဘုယျအားဖြင့် လမ်းကြောင်းမှန်အတိုင်းသွားနေသလား (ဒါမှမဟုတ်) လမ်းကြောင်းအမှားဘက်ကို သွားနေသလား။ [သင့်] အနေနဲ့ဘယ်လိုထင်ပါသလဲ။]




ပုံ ၇.၄။ လမ်းကြောင်းမှန် (သို့) လမ်းကြောင်းမှား သတ်မှတ်မှု (၂၀၁၉-၂၀၂၀)





ပုံ ၇.၅။ လမ်းကြောင်းအမှန်သတ်မှတ်မှုအတွက် အကြောင်းပြချက်များ [ဘာကြောင့် ဒီနိုင်ငံမှာရှိတဲ့ကိစ္စရပ်တွေဟာ လမ်းကြောင်းမှန်အတိုင်းသွားနေတယ်လို့ ထင်ပါသလဲ။ အကျဉ်းချုံးပြီး ပြောပြပေးပါ]





ပုံ ၇.၆။ လမ်းကြောင်းအမှားသတ်မှတ်မှုအတွက် အကြောင်းပြချက်များ [ဘာကြောင့် ဒီနိုင်ငံမှာရှိတဲ့ ကိစ္စရပ်တွေဟာ လမ်းကြောင်းအမှားဘက်ကို သွားနေတယ်လို့ထင်ပါသလဲ။ အကျဉ်းချုံးပြီး ပြောပြပေးပါ။]


## ၈။ ဦးစားပေး ဖြေရှင်းရမည့် ပြဿနာများ




ပုံ ၈.၁။ ဒေသ/မြို့နယ်တွင်းရှိ အရေးကြီးဆုံးပြဿနာများ [အစိုးရအနေနဲ့ ဖြေရှင်းပေးသင့်တဲ့ [သင့်] ဒေသ/မြို့နယ်မှာ ရင်ဆိုင်နေရတဲ့ အရေးကြီးဆုံးပြဿနာတွေဟာ ဘာတွေလဲဆိုတာကို အကျဉ်းချုံးပြီး ပြောပြပေးပါ]





ပုံ ၈.၂။ နိုင်ငံတွင်းရှိ အရေးကြီးဆုံးပြဿနာများ [အစိုးရအနေနဲ့ ဖြေရှင်းပေးသင့်တဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရင်ဆိုင်နေရတဲ့အရေးကြီးဆုံးပြဿနာတွေဟာ ဘာတွေလဲဆိုတာကို အကျဉ်းချုံးပြီး ပြောပြပေးပါ]





ပုံ ၈.၃။ နိုင်ငံတွင်းရှိ အရေးကြီးဆုံးပြဿနာများ (တိုင်းဒေသကြီးများနှင့် ပြည်နယ်များ နှိုင်းယှဉ်ချက်)


## ၉။ အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှု




ပုံ ၉.၁။ အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှု [အဖွဲ့အစည်း၊ အစိုးရရုံးနှင့် ရာထူးတာဝန်တွေရဲ့ အမည်တွေကို ဖတ်ပြပါမယ်။ အဖွဲ့တစ်ဖွဲ့ချင်းစီအပေါ် [သင့်] ရဲ့ယုံကြည်မှု အတိုင်းအတာကို (၁) မှ (၄) အထိ အဆင့် သတ်မှတ်ပေးပါ၊ (၁) က ယုံကြည်မှု လုံးဝမရှိဘူး၊ (၄) က ယုံကြည်မှု အပြည့်အဝ ရှိပါတယ်။]





ပုံ ၉.၂။ အင်စတီကျူးရှင်းများအပေါ်ယုံကြည်မှု (ပထဝီဝင်အနေအထားအရ နှိုင်းယှဉ်ချက်)





ပုံ ၉.၃။ အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှု(၂၀၁၉-၂၀၂၀ နှိုင်းယှဉ်ချက်)


## ၁၀။ အစိုးရနှင့် နိုင်ငံရေးဆိုင်ရာ သတင်းအရင်းအမြစ်





ပုံ ၁၀.၁။ အစိုးရ၊ နိုင်ငံရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်ရင်းမြစ်များ (နိုင်ငံတစ်ဝန်းလုံး) [အစိုးရ၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ဘယ်လိုရပါသလဲ]





ပုံ ၁၀.၂။ အစိုးရ၊ နိုင်ငံရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက် ရင်းမြစ်များ (ပထဝီနယ်မြေအရ နှိုင်းယှဉ်ချက်)





ပုံ ၁၀.၃။ လူမှုကွန်ရက်မီဒီယာ အသုံးပြုမှု (နိုင်ငံတစ်ဝန်းလုံး) [အခု မြန်မာနိုင်ငံမှာ အသုံးများတဲ့ လူမှုမီဒီယာ အချို့တွေကိုဖော်ပြပါမယ်။ [သင်] အခုအသုံးပြုနေတဲ့ လူမှုမီဒီယာတွေကို ရွေးချယ်ပေးပါ]





ပုံ ၁၀.၄။ လူမှုကွန်ရက်မီဒီယာ အသုံးပြုမှု (ပထဝီနယ်မြေအရ နှိုင်းယှဉ်ချက်)





ပုံ ၁၀.၅။ မခိုင်လုံသော သတင်းအချက်အလက်များ၊ သတင်းမှားများအပေါ် စိုးရိမ်ပူပန်မှု [သင့်အနေနဲ့ ရွေးကောက်ပွဲမတိုင်ခင် ကာလမှာ မသေချာမရေရာတဲ့ ဒါမှမဟုတ် မမှန်ကန်တဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး ဘယ်လောက်အတိုင်းအတာအထိ စိုးရိမ်သလဲဆိုတာပြောပြပေးပါ]





ပုံ ၁၀.၆။ ရွေးကောက်ပွဲ/နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး လုပ်ကြံသတင်းများ၊ သတင်းမှားများ တွေ့ရှိမှု [ရွေးကောက်ပွဲ ဒါမှဟုတ် နိုင်ငံရေးပါတီတွေနဲ့ပတ်သက်ပြီး လုပ်ကြံသတင်းတွေ၊ သတင်းအမှားတွေကို တွေ့မြင်ဖူးပါသလား။]




ပုံ ၁၀.၇။ ရွေးကောက်ပွဲ/နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး လုပ်ကြံသတင်းများ၊ သတင်းမှားများ တွေ့ရှိမှု အတိုင်းအတာ [ရွေးကောက်ပွဲ ဒါမှဟုတ် နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်ပြီး လုပ်ကြံသတင်းတွေ၊ သတင်း အမှားတွေကို ဘယ်လောက်အတိုင်းအတာအထိ တွေ့ရှိနေရပါသလဲ]




ပုံ ၁၀.၈။ ရွေးကောက်ပွဲ/နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး လုပ်ကြံသတင်း၊ သတင်းအမှားများ တွေ့ရှိရာ ရင်းမြစ်များ [ရွေးကောက်ပွဲ ဒါမှဟုတ် နိုင်ငံရေးပါတီတွေနဲ့ပတ်သက်ပြီး လုပ်ကြံသတင်းတွေ၊ သတင်းအမှား တွေကို ဘယ်နေရာတွေကနေ အဓိက တွေ့မြင်ကြားသိနေရတယ်ဆိုတာ ပြောပြပေးပါ]




ပုံ ၁၀.၉။ ရွေးကောက်ပွဲ/ နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး လုပ်ကြံသတင်း၊ သတင်းအမှားများ တွေ့ရှိရာ ရင်းမြစ်များ (ပထဝီနယ်မြေအရ နှိုင်းယှဉ်မှု)

## ၁၁။ စစ်တမ်းဆိုင်ရာ အချက်အလက်များ

| ကျား-မ | နိုင်ငံတစ်ဝန်းလုံး | ပြည်နယ်များ | ရန်ကုန်မြို့တော် |
|---|---|---|---|
| အမျိုးသားများ | ၅၀% | ၄၉% | ၅၀% |
| အမျိုးသမီးများ | ၅၀% | ၅၁% | ၅၀% |

| ဒေသ | နိုင်ငံတစ်ဝန်းလုံး | ပြည်နယ်များ | ရန်ကုန်မြို့တော် |
|---|---|---|---|
| မြို့ပြ | ၃၁% | ၂၉% | ၉၀% |
| ကျေးလက် | ၆၉% | ၇၁% | ၁၀% |

| ပထဝီနယ်မြေ | နိုင်ငံတစ်ဝန်းလုံး | ပြည်နယ်များ | ရန်ကုန်မြို့တော် |
|---|---|---|---|
| တိုင်းဒေသကြီးများ | ၇၅% | | ၁၀၀% |
| ပြည်နယ်များ | ၂၅% | ၁၀၀% | |

| အသက်အပိုင်းအခြား | နိုင်ငံတစ်ဝန်းလုံး | ပြည်နယ်များ | ရန်ကုန်မြို့တော် |
|---|---|---|---|
| ၁၈-၃၅ နှစ် | ၃၁% | ၃၉% | ၃၀% |
| ၃၅ နှစ် အထက် | ၆၉% | ၆၁% | ၇၀% |

| တိုင်းရင်းသားလူမျိုး | နိုင်ငံတစ်ဝန်းလုံး | ပြည်နယ်များ | ရန်ကုန်မြို့တော် |
|---|---|---|---|
| ဗမာ | ၆၈% | ၁၇% | ၈၇% |
| အခြားတိုင်းရင်းသားများ | ၃၂% | ၈၃% | ၁၃% |

| ကိုးကွယ်သည့်ဘာသာ | နိုင်ငံတစ်ဝန်းလုံး | ပြည်နယ်များ | ရန်ကုန်မြို့တော် |
|---|---|---|---|
| ဗုဒ္ဓဘာသာ | ၈၇% | ၇၃% | ၉၆% |
| အခြားဘာသာ | ၁၃% | ၂၇% | ၄% |

| ပညာရေး | နိုင်ငံတစ်ဝန်းလုံး | ပြည်နယ်များ | ရန်ကုန်မြို့တော် |
|---|---|---|---|
| အထက်တန်းအောက် | ၇၆% | ၇၈% | ၄၉% |
| အထက်တန်းနှင့် အထက် | ၂၄% | ၂၂% | ၅၁% |

## ၁။ စစ်တမ်းကောက်ယူပုံနည်းစနစ်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံသားများ၏ သဘောထားအမြင်များကို သိရှိနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲကျင်းပမည့် နေ့တွင် အသက် ၁၈ နှစ်နှင့်အထက်ရှိသည့် နိုင်ငံသားများကို PACE အဖွဲ့မှ မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းမှုပြုလုပ်ကာ စစ်တမ်းကောက်ယူခဲ့ပါသည်။ တစ်နိုင်ငံလုံး၏ သဘောထားအမြင်များကို ထင်ဟပ်စေရန်အတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအားလုံးတွင် စစ်တမ်းကောက်ယူမှုကို ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းကို မြို့နယ် ၁၇၉ ခုရှိ ကျေးရွာနှင့် ရပ်ကွက် ၂၇၁ နေရာတွင် ကောက်ယူခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးတွင် တွေ့ဆုံမေးမြန်းမှုပေါင်း ၂၅၇၇ ခုပြုလုပ်ခဲ့ပြီး ယင်းတွေ့ဆုံမေးမြန်းမှုများထဲတွင် နိုင်ငံတစ်ဝန်းလုံး ဆန်းစစ်လေ့လာမှုအတွက် ၁၈၂၈ ခု၊ ပြည်နယ်များ သီးသန့်လေ့လာဆန်းစစ်မှုအတွက် ၇၅၃ ခု၊ ရန်ကုန်မြို့တော်အတွက် ၆၀၀ ခု တို့ပါဝင်ပါသည်။ သို့သော်လည်း လုံခြုံရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုကြောင့် ကချင်ပြည်နယ်တွင် သတ်မှတ်ထားသည့် တွေ့ဆုံမေးမြန်းမှု အရေ အတွက်၏ ၅၀%၊ ရှမ်းပြည်နယ်တွင် ၂၃% နှင့် ရခိုင်ပြည်နယ်တွင် ၁၉% ကို ပြုလုပ်နိုင်ခဲ့ခြင်း မရှိပါ။ ထို့ကြောင့် ယခုတွေ့ရှိချက်များမှာ ယင်းဒေသရှိနိုင်ငံသားများ၏ သဘောထားအမြင်များကို ထင်ဟပ်နိုင်မည် မဟုတ်သည်ကို အထူး သတိချပ်စေလိုပါသည်။

စစ်တမ်းကောက်ယူရာတွင် အောက်တွင်ဖော်ပြထားသည့် နိုင်ငံတကာအသိအမှတ်ပြု စာရင်းအင်းနည်းအရ ကျပန်းနည်းဖြင့် ရွေးချယ်သည့်နည်းလမ်းကို အသုံးပြုခဲ့ပါသည်။

**အဆင့် (၁)** ။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အလွှာခွဲခြင်း။ ၂၀၁၈ ခုနှစ် လူဦးရေခန့်မှန်းချက် (ပြည်သူ့အင်အားဦးစီးဌာန) အချက်အလက်များကို အသုံးပြု၍ တိုင်းဒေသကြီးနှင့်ပြည်နယ် တစ်ခုချင်းစီရှိ လူဦးရေအချိုးအစားကို တွက်ချက်သတ်မှတ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီအတွက် စစ်တမ်းကောက်ယူမည့် နေရာများကို အချိုးအစားတူညီအောင် နေရာချထားခဲ့ပါသည်။

**အဆင့် (၂)** ။ မြို့ပြနှင့် ကျေးလက်ဒေသအလိုက် အလွှာခွဲခြားခြင်း။ အထက်တွင်ဖော်ပြထားသည့် လူဦးရေအချက်အလက်ကို အသုံး ပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအတွက် မြို့ပြနှင့် ကျေးလက်လူဦးရေအချိုးအစားကို တွက်ချက်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေအချိုးအစားအလိုက် မြို့ပြနှင့် ကျေးလက်အကြား စစ်တမ်းကောက်ယူမည့်နေရာများကို အချိုးအစားတူညီအောင် နေရာချထားခဲ့ပါသည်။

**အဆင့် (၃)** ။ ကျေးရွာများနှင့် ရပ်ကွက်များကို နမူနာရွေးထုတ်ခြင်း။ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအတွက် ရွေးချယ်သတ်မှတ်ထားသည့် နေရာများနှင့် မြို့ပြနှင့် ကျေးလက်ဒေသများအတွက် ရွေးချယ် သတ်မှတ်

ထားသောနေရာများကို အခြေခံ၍ ကျပန်းနမူနာရွေးချယ်မှုနည်းလမ်းကို အသုံးပြုပြီး ရပ်ကွက်နှင့် ကျေးရွာများကို ရွေးချယ်ခဲ့သည်။ နမူနာရွေးထုတ်ရန် ဘောင်အဖြစ် မြန်မာနိုင်ငံသတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန (MIMU) မှ စုစည်းပြုစုထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီရှိ ရပ်ကွက်နှင့် ကျေးရွာများစာရင်းကို အသုံးပြုခဲ့ပါသည်။ စစ်တမ်းကောက်ယူမည့် ကိုယ်စားပြုနမူနာနေရာ ရပ်ကွက်နှင့် ကျေးရွာစုစုပေါင်း၂၉၀ နေရာကို ရွေးချယ်ခဲ့ပါသည် (တစ်နိုင်ငံလုံးအတိုင်းအတာ ဆန်းစစ်လေ့လာမှုအတွက် ၂၀၁ နေရာ၊ ပြည်နယ်များအတွက် ၅၁ နေရာနှင့် ရန်ကုန်မြို့တော်အတွက် ၃၈ နေရာ)။

| စစ်တမ်းကောက်ယူခဲ့သည့် နေရာများ | နိုင်ငံတစ်ဝန်းလုံး | ပြည်နယ်များ (အပိုဆောင်းနေရာ) | ရန်ကုန်မြို့တော် (အပိုဆောင်းနေရာ) | စုစုပေါင်း |
|---|---|---|---|---|
| နိုင်ငံတစ်ဝန်းလုံး | ၂၀၁ | | | ၂၀၁ |
| ပြည်နယ်များ | ၅၁ | ၅၁ | | ၁၀၂ |
| ရန်ကုန်မြို့တော် | ၂၂ | | ၃၈ | ၆၀ |
| | | | | |
| နမူနာနေရာပေါင်း | ၂၀၁ | ၅၁ | ၃၈ | ၂၉၀ |

**အဆင့် (၄)** ။ အိမ်ထောင်စုများကို ကျပန်းရွေးချယ်ခြင်း။ သင်တန်းပေးလေ့ကျင့်ထားသည့် စစ်တမ်းကောက်ယူသူများသည် စတင်ရမည့်နေရာအဖြစ် ကျပန်းသတ်မှတ်ထားသောနေရာမှစ၍ ကျပန်းလမ်းလျှောက်ကာ နမူနာရွေးချယ်သည့်နည်းလမ်းကို အသုံးပြုပြီး အိမ်ထောင်စုများကို ရွေးချယ်ပါသည်။ စစ်တမ်းကောက်ယူသူများသည် ကျေးလက်ဒေသ (ကျေးရွာ) တွင် ၁၀ အိမ်မြောက်နေအိမ်တိုင်းနှင့် မြို့ပြဒေသများ (ရပ်ကွက်)တွင်မူ ၂၀ အိမ်မြောက် နေအိမ်တိုင်းကို ရွေးချယ်ခဲ့သည်။

**အဆင့် (၅)** ။ ဖြေကြားမည့်သူကို ကျပန်းရွေးချယ်ခြင်း။ အိမ်ထောင်စုတစ်ခုကို ရွေးချယ်ပြီးသည့်အခါ PACE အဖွဲ့၏ စစ်တမ်းကောက်ယူသူများသည် အဆိုပါ အိမ်ထောင်စုထဲမှ (အမျိုးသားနှင့် အမျိုးသမီးတစ်လှည့်စီ) မြန်မာနိုင်ငံသား အသက် ၁၈ နှစ် ပြည့်သူ အိမ်ထောင်စုဝင် တစ်ဦးကို ကျပန်းရွေးချယ်ခဲ့သည်။ စစ်တမ်းဖြေဆိုသူများကို "မဲနှိုက်သည့်စနစ်" ကိုအသုံးပြုပြီး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်းအားဖြင့် စစ်တမ်းကောက်ယူသူတစ်ဦးချင်းစီကို ကျေးရွာ/ရပ်ကွက် နေရာတစ်ခုချင်းစီတွင် ဖြေဆိုသူ ၁၀ ဦးကို မေးမြန်းရန် တာဝန်ပေးအပ်ထားသည်။

**အဆင့် (၆) ။** ရရှိလာသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း။ စုဆောင်းရရှိလာသည့်အချက်အလက်များကို မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေပျံ့နှံ့မှုကို ထင်ဟပ်နိုင်ရန် အချက်အလက်မကောက်ခံနိုင်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ပြ/ကျေးလက်နေရာများကို ပြန်လည်ထိန်းညှိတွက်ချက်ထားပါသည်။ ယခု စစ်တမ်းတွင် လုံခြုံရေးကြောင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် မြောက်ပိုင်း ရှိနေရာအချို့တွင် စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်း မရှိခဲ့ချေ။ ရလဒ်များကို တင်ပြရာတွင် ဒသမကိန်းများကို အနီးစပ်ဆုံးရယူမှုကြောင့် ကွာခြားမှုရှိနိုင်သော်လည်း ယင်းကွာခြားမှုမှာ ၁% ထက်များခြင်းမရှိပါ။

| **စစ်တမ်းဆိုင်ရာ အချက်အလက်များ** | |
|---|---|
| အသက် ၁၈နှစ်နှင့် အထက်လူဦးရေစုစုပေါင်း (၂၀၂၀ ပြည့်နှစ် လူဦးရေခန့်မှန်းချက်အစီရင်ခံစာ၊ ပြည်သူ့အင်အားဦးစီးဌာန) | ၃၆,၉၆၃,၆၇၉ ဦး |
| ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုပေါင်း | ၂၀၁၀ ခု (တစ်နိုင်ငံလုံးအတိုင်းအတာ)၊<br>၁၀၂၀ ခု (ပြည်နယ်)<br>၆၀၀ ခု (ရန်ကုန်မြို့တော်) |
| အမြင့်ဆုံး မှားယွင်းနိုင်ခြေ အကန့်အသတ်*<br>(ယုံကြည်လက်ခံနိုင်မှု အဆင့် ၉၅% ) | +/- ၂.၄% (နိုင်ငံတစ်ဝန်းလုံး)<br>+/- ၃.၉% (ပြည်နယ်များ)<br>+/- ၄% (ရန်ကုန်မြို့တော်) |
| စစ်တမ်းကောက်ယူခဲ့သည့် ကာလ | ၂၀၂၀ ခုနှစ် ဩဂုတ်လ ၃ ရက် မှ ၅ ရက် |

*အမြင့်ဆုံးဖြစ်နိုင်သည့် မှားယွင်းနိုင်ခြေအကန့်အသတ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်နှိုင်းယှဉ်မှုအတွက် +/- ၃.၉ %၊ မြို့ပြနှင့်ကျေးလက်နှိုင်းယှဉ်မှုအတွက် +/- ၄.၂% နှင့် အမျိုးသားနှင့် အမျိုးသမီးနှိုင်းယှဉ်မှုအတွက် +/- ၃.၄ % စသည်ဖြင့် မြင့်တက်သွားမည်ဖြစ်သည်။ ထို့ပြင်မှားယွင်းနိုင်ခြေအကန့်အသတ်မှာ မေးခွန်းတစ်ခု ချင်းစီနှင့် အဖြေရွေးချယ်စရာ တစ်ခုချင်းစီအလိုက် ကွဲပြားခြားနားမည်ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS